ミャンマー語

မီယာဇာကီ မြို့သဘာဝဘေးအန္တရာယ် ကူညီထောက်ပံ့ ရေး ဆိုင်ရာ ဘာသာစကားမျိုးစုံ ဖြင့် ဝန်ဆောင်မှု ပေးသော ခေါ်ဆိုရေး စင်တာ

Miyazaki City©

အရေးပေါ် ဖုန်းနံပါတ်

0800-222-5103

သဘာဝဘေးအန္တရာယ်နှင့် ဆိုင်သော သတင်း အချက် အလက်များ၊ တိမ်းရှောင်ရေးစခန်း တည်နေရာများ သိရှိလိုလျှင် ဤ ဖုန်း နံပါတ်ကို ခေါ်ဆိုပါ။

(သဘာဝ ဘေး အန္တရာယ် ဖြစ်ပွားစဉ် ကာလ အတွင်းသာ ဝန်ဆောင်မှု ရရှိနိုင်ပါသည်။)

【ဘာသာ စကား ၂၁ မျိုး ဖြင့် ခေါ်ဆိုနိုင်ပါသည်။ 】

အင်္ဂလိပ် ဘာသာ / တရုတ် ဘာသာ/ ကိုရီးယား ဘာသာ / ထိုင်း ဘာသာ / ဗီယက်နမ် ဘာသာ /

အင်ဒိုနီးရှား ဘာသာ / တာဂါလော့ ဘာသာ / နီပေါ ဘာသာ / ပေါ်တူဂီ ဘာသာ / စပိန် ဘာသာ /

ပြင်သစ် ဘာသာ / ဂျာမန် ဘာသာ / အီတလီ ဘာသာ / ရုရှား ဘာသာ / မလေး ဘာသာ / မြန်မာ ဘာသာ /

ခမာ ဘာသာ / မွန်ဂိုလီးယား ဘာသာ / ရှင်ဟာလာ ဘာသာ / ဟင်ဒီ ဘာသာ / ဘင်ဂါလီ ဘာသာ

သဘာဝဘေးအန္တရာယ် အတွက် ကြိုတင်ပြင်ဆင်ကြရအောင်

ဂျပန်နိုင်ငံ ဟာ သဘာဝဘေးန္တရာယ် မကြာခဏ ကြုံတွေ့ရလေ့ရှိသော နိုင်ငံ ဖြစ်ပါတယ်။
တိုင်ဖုန်း၊ ဆူနာမီ ကဲ့သို့သော သဘာဝ ဘေး ကျရောက်လာလျှင် တည်ငြိမ်စွာ ကျော်လွှားနိုင်ရန် သဘာဝ ဘေးအန္တရာယ် အကြောင်း ကြိုတင်လေ့လာပါ။
သဘာဝဘေး အန္တရာယ် ဖြစ်ပွားလာ လျှင် အချိန်မှီ ရွှေ့ပြောင်း နိုင်ရန် ဘေးအန္တရာယ် ဆိုင်ရာ သတင်း အချက်အလက်များ၊ အန္တရာယ်ဇုန် တည်နေရာများ၊ တိမ်းရှောင်ရေး စခန်း တည်နေရာများကို ကြိုတင် ရှာဖွေပါ။

○ သဘာဝ ဘေးအန္တရာယ် အကြောင်းလေ့လာပါ။ လက်ရှိဖြစ်ပွားနေသော ဘေးအန္တရာယ် နှင့် ဆိုင်ရာ သတင်းအချက်အလက်များ ရယူပါ။
ဘေးအန္တရာယ်နှင့်ဆိုင်သော သတင်း အချက်အလက်များကို ဘာသာစကားမျိုးစုံ ဖြင့် ရှာဖွေနိုင်ပါသည်။
ရာသီဥတုနှင့် သဘာဝ ဘေးအန္တရာယ်များ အကြောင်း ဘာသာစကားမျိုးစုံ ဖြင့် အသံလွှင့်နေပါသည်။
(အန်အိပ်ချ်ခေ (NHK)) https://www3.nhk.or.jp/nhkworld/en/multilingual_links/
(ဂျပန်နိုင်ငံ မိုးလေဝသ ဌာန) https://www.data.jma.go.jp/multi/index.html

အန်အိပ်ချ်ခေ
(NHK)

ဂျပန်နိုင်ငံ
မိုးလေဝသ ဌာန

○ အန္တရာယ်ဇုန် များကို သိရှိစေရန်
အန္တရာယ်ဇုန်ပြ မြေပုံ သည် ရေကြီးမှု ဖြစ်ပေါ်လျှင် အန္တရာယ် ရှိသော နေရာ များကို ဖော်ပြပေးသော မြေပုံ ဖြစ် သည်။
မိမိ နေထိုင်ရာ အိမ်၊ ကျောင်း၊ အလုပ်ခွင် နှင့် နီးစပ်မှု ရှိ မရှိ အတည်ပြုနိုင်ပါသည်။
https://www.city.miyazaki.miyazaki.jp/life/fire_department/hazard_map/285486.html

○ တိမ်းရှောင်ရေး စခန်း များရှာဖွေရန်
vacan စနစ်တွင် တိမ်ရှောင်ရေး စခန်းများ၏ တည်နေရာကို ရှာဖွေနိုင်ပါသည်။
လိုအပ်လျှင် အချိန်မှီ ရွှေ့ပြောင်းနိုင်ရန် တိမ်းရှောင်ရေးစခန်း တည်နေရာ များကို ကြိုတင်ရှာဖွေပါ။
သဘာဝ ဘေးအန္တရာယ် ဖြစ်ပေါ်လာလျှင် တိမ်းရှောင်ရေး စခန်း တည်နေရာ များကို အချိန်နှင့် တပြေးညီ အတည်ပြုနိုင်ပါသည်။
https://vacan.com/area/miyazaki-city-evacuation/evacuation-center/11

နိုင်ငံခြားသား များအတွက် မီယာဇာကီ မြို့ ၏ ပင်မ စာ မျက်နှာ

သဘာဝ ဘေးအန္တရာယ် ဆိုင်ရာ သတင်းများ၊ နေ့စဉ် လူနေမှု ဘဝ၊ ပွဲအစီအစဉ် များ ကို အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာသာ၊ ကိုရီးယားဘာသာ၊ ဂျပန်ဘာသာ တို့ဖြင့် ဖော်ပြ ထားပါသည်။
(အင်္ဂလိပ် ဘာသာ) https://www.city.miyazaki.miyazaki.jp/en/
(တရုတ် ဘာသာ) https://www.city.miyazaki.miyazaki.jp/cn/
(ကိုရီးယား ဘာသာ) https://www.city.miyazaki.miyazaki.jp/kr/

အင်္ဂလိပ်
ဘာသာ

တရုတ်
ဘာသာ

ကိုရီးယား
ဘာသာ